**SALINGYI SPECIAL TASK FORCE (SSTF)**

ဆားလင်းကြီးမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့
ဖွဲ့စည်းပြီးကြောင်း ထုတ်ပြန်ကြေငြာချက်
ကြေငြာချက်အမှတ် -၁/ ၂၀၂၁

ဆားလင်းကြီးမြို့နယ်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (SALINGYI SPECIAL TASK FORCE-SSTF) ကို ဆားလင်းကြီးမြို့နယ်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ ၊ဆားလင်းကြီးမြို့နယ်အတွင်းရှိ ပါဝင်သင့်ပါဝင်ထိုက်သည့်နိုင်ငံရေးအင်အားစုများ၊ အကြမ်းဖက်စစ်ကောင်စီအား ဆန့်ကျင်တော်လှန် လျက်ရှိသော ရဲဘော်များ စုစည်းညှိနှိုင်း၍ ၂၀၂၁၊အောက်တိုဘာ (၁၃)ရက်နေ့တွင် အောက်ပါရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းပြီးကြောင်းကြေငြာအပ်ပါသည်။

- ၁။ စစ်အာဏာရှင်စနစ်ကိုအမြစ်ဖြတ်ချေမှုန်းနိုင်ရေးနှင့် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုပေါ်ပေါက်ရေး။
- ၂။ ဆားလင်းကြီးဒေသတွင်းရှိပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကိုထိခိုက်စေနိုင်သည့် အကြမ်းဖက်စစ်ကောင်စီ တပ်များရန်မှကာကွယ်ပေးနိုင်ရေး။
- ၃။ စစ်အာဏာရှင်စနစ်ကိုတော်လှန်နေသည့်မည်သည့်အဖွဲ့အစည်းနှင့်မဆို ပူးပေါင်းပါဝင်လုပ်ဆောင်နိုင်ရေး။
- ၄။ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်စေနိုင်မည့် အကြမ်းဖက်စစ်အုပ်စု၏ထောက်တိုင်များနှင့် သတင်းပေးဒလန်များကို ထိရောက်စွာအရေးယူနိုင်ရေး။

ကျနော် တို့ SSTF အဖွဲ့အနေဖြင့် စစ်အာဏာရှင်စနစ်မှပေါ်ပေါက်လာသော စစ်အာဏာရှင်နှင့် ၎င်းကောင်းတို့၏ လက်ပါးစေများအားလုံးကိုအမြစ်ပြတ် ချေမှုန်းကာ ဖက်ဒရယ် ဒီမိုကရေစီအစိုးရပေါ်ပေါက်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ဂတိသစ္စာပြုအပ်ပါသည်။

**ဆားလင်းကြီးမြို့နယ်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (SSTF)**